
# ကျားမ အခြေပြု
# အကြမ်းဖက်မှုပုံစံ အမျိုးမျိုး၏
# ဇာတ်လမ်းများ



THE
LUTHERAN
WORLD
FEDERATION

actalliance

ကျား၊မ အခြေပြု

အကြမ်းဖက်မှုပုံစံ အမျိုးမျိုး၏

**ဓာတ်လမ်းများ**

# ဇာတ်လမ်း (၁)

လူကုန်ကူးမှုဇာတ်လမ်း

(လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု)


မာလာသည် သူမ၏မိခင် ဒေါ်မမနှင့် ဖခင်ဦးကျော်တို့နှင့် ထိုင်း-မြန်မာနယ်စပ်-မယ်ဆိုင်မြို့အနီးရှိ တာချီလိတ်မြို့တွင် ပျော်ရွှင်စွာ နေထိုင်ခဲ့ကြပါတယ်။
သူမ၏ မိဘတွေကတော့ တာချီလိတ်ဈေးမှာ အထည်တွေ ရောင်းပါတယ်။
သူမအသက် ၈ နှစ်အရွယ်မှာ ဖခင်ဆုံးပါးသွားခဲ့ပါတယ်။








သူမတွင် မောင်နှမများလဲ မရှိပါ။ သူမ၏ ဖခင်ကွယ်လွန်ပြီး တစ်နှစ်အကြာတွင် မိခင်ဖြစ်သူမှာ အခြားအမျိုးသားတစ်ဦးနှင့် အိမ်ထောင်ပြု လိုက်ပြီး ကလေးတစ်ဦး ထပ်မံ မွေးဖွားခဲ့ပါတယ်။
အဲဒီတော့ သူမမှာ မောင် လေး ရှိလာပါတော့တယ်။
သူမဟာ အလယ်တန်းကျောင်းတွင် ပညာသင်ကြား နေတဲ့ ကျောင်းသူ တစ်ဦး ဖြစ်ပါတယ်။


သူမ၏ အသက် တစ်ဆယ့်နှစ် နှစ်အရွယ်တွင် မိခင်နှင့် မောင်လေး ဖြစ်သူ ဈေးသွားနေစဉ်
ပထွေးဖြစ်သူက လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းကို ခံခဲ့ရပါတယ်။
သူမ၏ အသက် (၁၃) နှစ် အရွယ်မှာတော့ ကျောင်းသွားရာ လမ်းတစ်လျှောက်တွင် သူမထံသို့ ချဉ်းကပ်လာသော လူကုန်ကူးသူ၏ ဖြားရောင်းသွေးဆောင်မှုကို ခံခဲ့ရပါတယ်။







သူမသည် လူကုန်ကူးသည့် အမျိုးသမီး အား ယုံကြည်ပြီး
ထိုင်းနိုင်ငံသို့လိုက်သွားရန် ဆုံးဖြတ်ခဲ့ပါတယ်။
နောက်ဆုံးတော့ သူမကို လူကုန်ကူးသည့် အမျိုးသမီး မှ ထိုင်းနိုင်ငံရဲ့ ခရိုင်တစ်ခု၏ ပြည့်တန်ဆာအိမ်မှာ ရောင်းစားခြင်းကို ခံခဲ့ရပါတယ်။
တစ်နေ့အလုပ်လုပ်နေစဉ် အချိန်တွင်  ပြည့်တန်ဆာ ခေါင်းဆောင်မှ သူမကို
အထုပ်သေးသေးလေး ပေးပြီး သူ့သူငယ်ချင်းဆီကို ပို့ခိုင်းလိုက်ပါတယ်။
မာလာသည်လည်း ဤအထုပ်သေးလေး၏အတွင်း၌  ဘာတွေပါဝင်လဲကို မသိခဲ့ပါဘူး။


ပြည့်တန်ဆာ ခေါင်းဆောင်မှ  သွားခိုင်းတဲ့ နေရာကို ရောက်တဲ့အခါ
သူမကို မူးယစ်ဆေးဝါးတွေ ယူဆောင်လာတဲ့အတွက် ထိုင်းရဲတွေက ဖမ်းဆီးလိုက်ပါတယ်။






အဖမ်းခံရပြီးနောက်ပိုင်း သူမကို အသက် ၁၈ နှစ်
မပြည့်သေးတဲ့အတွက် ထိုင်းနိုင်ငံရှိ
အမျိုးသမီးထိန်းသိမ်းရေးစခန်းကို ပို့ဆောင်ခဲ့ပါတယ်။
အမျိုးသမီးစောင့်ရှောက်ရေးဂေဟာ
ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဥပဒေ အရ သူမသည် တရားမဝင်
ရွှေ့ပြောင်း လူကုန်ကူးခံရသည့် မိန်းကလေး တစ်ဦး ဖြစ်သောကြောင့်
ထိုင်းနိုင်ငံ အမျိုးသမီးထိန်းသိမ်းရေး စခန်းတွင် နေထိုင်စေခဲ့ပြီး
မြန်မာနိုင်ငံသို့ ပြန်ရမည်ဖြစ်ပါတယ်၊
သို့သော်လည်း သူမအတွက် မြန်မာနိုင်ငံရှိ မည်သည့်နေရာတွင် လုံခြုံစွာဖြင့်
နေသင့်သည်ကို  သူမ ကိုယ်တိုင်ပင် မဆုံးဖြတ်နိုင်ပေ။

## လေ့လာဆွေးနွေးရန် အရေးကြီးသောအချက်များ

- ဇာတ်လမ်းကိုအခြေခံ၍ တက်ရောက်သူများကို လူကုန်ကူးမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကလေးအခွင့်အရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသိပညာပေးသင့်သည်။
- ဤအချက်များသည် အနာဂတ်ကလေးများ၏ဘဝအပေါ်မည်ကဲ့သို့အကျိုးသက်ရောက်မည်ကို ဆွေးနွေးရန်။
- တက်ရောက်သူများ၏ လက်ရှိအရင်းအမြစ်များပေါ် မူတည်၍ ရပ်ရွာအခြေပြုကြိုတင် ကာကွယ်ရေးနှင့် တားဆီးရေးစနစ်များကို တည်ဆောက်နိုင်စေရန် ဆွေးနွေးပေးခြင်း။

## မေးခွန်းများ

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုတာဘာလဲ။
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေရဲ့ မူလဇစ်မြစ်နဲ့ အကျိုးဆက်တွေက ဘာတွေလဲ။
- လူကုန်ကူးမှုဆိုတာ ဘာလဲ။
- လူကုန်ကူးသူ အမျိုးသမီးနောက်သို့ လိုက်ရန် မိန်းကလေးအား တွန်းအားပေးသည့် အချက်များက ဘာတွေလဲ။

- အကယ်၍ သင်သည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်သား သို့မဟုတ် စေတနာ့ဝန်ထမ်း လူမှုရေးဝန်ထမ်း သို့မဟုတ် မိခင် သို့မဟုတ် ဆရာတစ်ဦးဖြစ်ပါက ဤအခြေအနေကို မည်သို့တားဆီးပြီး မာလာ ကို ကာကွယ်မည်နည်း။

- မာလာ လို အခြားမိန်းကလေးတွေ အခုလိုအခြေအနေမျိုး ထပ်မဖြစ်အောင် ဘယ်လိုတားဆီးကြမလဲ၊ မာလာကို ဒီလိုအခြေအနေမျိုးကနေ ဘယ်လိုကာကွယ်ပေးကြမလဲ။ မာလာ နေရပ်ပြန်တဲ့အခါ ဘယ်လို အထောက်အပံ့တွေ မြန်မာနိုင်ငံမှာ လိုအပ်ပါမလဲ။ မာလာရဲ့လိုအပ်ချက်တွေကို ဘယ်သူက ဖြည့်ဆည်းပေးနိုင်မလဲ။ မာလာကို ပံ့ပိုးကူညီရန်နှင့် လက်ခံရန် အသိုင်းအဝိုင်း ရပ်ရွာအဖွဲ့ဝင်များ။ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မည်သို့ ပူးပေါင်းဆောင်ရွက်သင့်သနည်း။



## ဇာတ်လမ်း ( ၂ )

### အိမ်တွင်းအကြမ်းဖက်မှု ဇာတ်လမ်း


မောင်ကျော်သည် အသက် ၁၂ နှစ်ရှိပြီး မွေးချင်း အစ်မကြီး
နှင့် ညီမငယ် ၂ ဦး ရှိပါတယ်၊
သူတို့၏ အဖေမှာ သုံးဘီးယာဉ်မောင်းဖြစ်ပြီး အမေကတော့
အိမ်ရှေ့တွင် လမ်းဘေးခေါက်ဆွဲဆိုင်ငယ်လေး ဖွင့်ထားပါတယ်။
သူ၏ ညီမဖြစ်သူ ဝိုင်းစုက သူ့အမေဆိုင်မှာ
နေ့တိုင်း ကူညီပေးနေပါတယ်။






မောင်ကျော် အလယ်တန်း ကျောင်းတက်နေချိန်တွင်
ညီမဖြစ်သူ ဝိုင်းစုမှာ အသက် ၈ နှစ်သာရှိသေးပြီး မူလတန်းကျောင်းတက်နေပါပြီ။
အခြေခံပညာမူလတန်းေ
သူ၏ အစ်မဖြစ်သူမှာ အသက် ၁၅ နှစ် ၈ တန်း
ကျောင်းသူအရွယ်တွင် ကျောင်းထွက်ခဲ့ရပါတယ်။
သားဖြစ်သူ မောင်ကျော်အား
ပညာတတ်ကြီးဖြစ်အောင် အားပေးခဲ့ပါတယ်။


သူတို့မိသားစုဟာ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုလေးလို့ ထင်မြင်ယူဆခဲ့ကြပါတယ်။ ဒါပေမယ့် နေ့တိုင်း အလုပ်က ပြန်လာတိုင်း အရက်မူးပြီး ပြဿနာရှာ နေတတ်တဲ့ သူ့အဖေအတွက် သူတို့အမြဲ စိတ်ညစ် နေခဲ့ရပါတယ်။
ဖခင်ဖြစ်သူမှ မောင်ကျော်အပါအဝင် မိသားစုဝင်များအားလုံးကို ကိုယ်ထိလက်ရောက် စော်ကားခြင်းများ ရှိခဲ့ပါတယ်။






အဖေဖြစ်သူမှ အိမ်မှာ အရက် သောက်ချင်တဲ့အခါ မောင်ကျော်ကို အရက်ဝယ်ခိုင်းပါတယ်။
မိုး စတိုး
ထိုအချိန်တွင် မောင်ကျော်သည် အလွန်စိတ်မကောင်းဖြစ်ပြီး အရက်ဆိုင်သို့သွားသောအခါ သူ၏ သူငယ်ချင်းများကလည်း သူ့ကို လှောင်ပြောင်ကြပါတယ်။


ထို့နောက် မောင်ကျော်မှာ ကျောင်းတက်ရမှာကို ကြောက်လာပြီး စာမကျက်ချင်တော့ပေ။
ကျောင်းမတက်တော့ပဲ အတန်းတက် ပျက်လာပါတယ်။ နောက်ပိုင်း အတန်းမတက်တော့ဘဲ လမ်းဘေးမှာပဲ လှည့်ပတ်နေပါတယ်။




တကယ်တော့ မောင်ကျော်သည် သူ့အတန်းထဲတွင် ထက်မြက်သော ကျောင်းသားလေး ဖြစ်ပါတယ်။ အခုတော့ မောင်ကျော်သည် သူ့ကျောင်းပတ်ဝန်းကျင်နှင့် ဝေးရာတွင် အကြောက်တရားကင်းကင်းဖြင့် လမ်းပျော်ကလေးသာ ဖြစ်ချင်တော့ပါတယ်။

## လေ့လာဆွေးနွေးရန် အရေးကြီးသောအချက်များ

- ဇာတ်လမ်းကိုအခြေခံ၍ တက်ရောက်သူများကို အိမ်တွင်းအကြမ်းဖက်မှုနှင့် ကလေးအခွင့်အရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသိပညာပေးသင့်သည်။
- ဤအချက်များသည် အနာဂတ်ကလေးများ၏ ဘဝအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်မည်ကို ဆွေးနွေးရန်။
- တက်ရောက်သူများ၏ လက်ရှိအရင်းအမြစ်များပေါ် မူတည်၍ ရပ်ရွာအခြေပြုကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးစနစ်များကို တည်ဆောက်နိုင်စေရန် ဆွေးနွေးပေးခြင်း။

## မေးခွန်းများ

- အိမ်တွင်းအကြမ်းဖက်မှုဆိုတာ ဘာလဲ။
- အိမ်တွင်းအကြမ်းဖက်မှုတွေရဲ့ မူလဇစ်မြစ်နဲ့ အကျိုးဆက်တွေက ဘာတွေလဲ။

- မောင်ကျော် ကျောင်းဆက်မတက်ချင်အောင် တွန်းအားပေးခဲ့တဲ့အကြောင်းရင်းတွေက ဘာတွေလဲ။

- အကယ်၍ သင်သည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်သား သို့မဟုတ် စေတနာ့ဝန်ထမ်း လူမှုရေးဝန်ထမ်း သို့မဟုတ် မိသားစုဝင် သို့မဟုတ် ဆရာတစ်ဦးဖြစ်ပါက၊ မောင်မောင်ကျော်ကဲ့သို့သော အခြားယောကျ်ားလေးများတွင် ဤအခြေအနေမျိုး ထပ်မံမဖြစ်ပွားစေရန် မည်ကဲ့သို့ တားဆီးနိုင်မည်နည်း။

- မောင်ကျော် ကျောင်းတက်ဖို့ ဘယ်လို ပံ့ပိုးမှုတွေ လိုအပ်လဲ။ မောင်ကျော်၏လိုအပ်ချက်များကို မည်သူက ဖြည့်ဆည်းပေးနိုင်မည်နည်း။ မောင်ကျော်ကို ပံ့ပိုး ကူညီရန် ရပ်ရွာ နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် မည်သို့ ပူးပေါင်း ဆောင်ရွက်သင့်သနည်း။




# ဇာတ်လမ်း ( ၃ )

## အန္တရာယ်ရှိသော ရိုးရာအလေ့အထများ ဇာတ်လမ်း


မီးမီးသည် အသက် (၁၅) နှစ် အရွယ် မိန်းကလေးတစ်ဦးဖြစ်ပါတယ်။
သူ့အဖေနဲ့အမေကတော့ ဘာသာတရားကိုအစွန်းရောက် ယုံကြည်သူများဖြစ်ပါတယ်။
သူတို့မိသားစုသည် ရိုးသားသော မိသားစု ဖြစ်ပါတယ်။
မီးမီးတွင် မောင်ငယ်နှစ်ယောက်ရှိပါတယ်။





မီးမီးတို့မောင်နှမများသည် အစိုးရအခြေခံပညာ အထက်တန်းကျောင်းနှင့် ချိတ်ဆက်ထားသော ကျေးရွာကျောင်းတွင် တက်ရောက်နေကြပါတယ်။
မိဘတွေက သားသမီးတွေကို လူကြီးတွေကို ရိုသေလေးစားတတ်ဖို့နှင့်အထူးသဖြင့် ဘာသာတရားနှင့် ဆရာ/ဆရာမများ ကို ရိုသေလေးစားရန် သွန်သင်ဆုံးမပါတယ်။


တစ်နေ့တော့ ဆရာက မီးမီးကို စာမလိုက်နိုင်လို့ ကျောင်းချိန်ပြီးရင်
စာကျက်ဖို့ အချိန်ပိုတက်ရမယ်လို့ မီးမီးရဲ့မိဘတွေကို ပြောပြပါတယ်။
မဟုတ်ရင် မီးမီး စာမေးပွဲကျလိမ့်မယ်လို့ ချိန်းခြောက်ပါတယ်။
နောက်ဆုံးမှာတော့ မီးမီးရဲ့မိဘတွေက ဆရာစကားနားယောင်ကာ အချိန်ပိုတက်ရန်သဘောတူခဲ့မိပါတယ်။






ကျောင်းတွင် ဆရာက မီးမီးကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ဖို့ ဒီအခွင့်အရေးကို အသုံးချခဲ့ခြင်းဖြစ်ပါတယ်။
ဒို့အပြင် ဆရာသည် မီးမီး၏ မိဘများအပါအဝင် မည်သူကိုမျှ အသိပေးခြင်းမပြုရန် မီးမီးကို သတိပေးခဲ့သည်။
နောက်ပိုင်းတွင် မီးမီး ကိုယ်ဝန်ရှိလာကာ မိဘများက ဆူပူကြိမ်းမောင်းပြီးမေးမြန်းပါတယ်။
မီးမီးက ဆရာနဲ့ဖြစ်ကြောင်းကုန်စင်ပြောသောအခါ မိဘများက မယုံကြည်ခဲ့ကြပါဘူး။
မိဘများက ဆရာကို ယုံကြည်တဲ့အတွက် တုန်လှုပ်ပြီး မီးမီးကို ထပ်မံရိုက်နှက်မေးမြန်းကြပါတယ်။
!


နောက်ဆုံးမှာတော့ မိဘတွေက အဖြစ်မှန်ကို လက်ခံခဲ့ပြီး
ရွာလူကြီးကို တိုင်ကြားခဲ့ပါတယ်။
ရွာလူကြီးမှာ ဆရာ့ဆီက လာဘ်ယူပြီး ဒီအမှုကိစ္စ ပြဿနာကို ဘက်လိုက်သောနည်းဖြင့်
ဖြေရှင်းရန် ကြိုးစားပါတယ်။






ထိုအခြေအနေသည် အာဏာရှိသူနှင့် မီးမီးကိုယ်စားပြုသည့်
အုပ်စုနှစ်စုကြား ကွဲလွဲမှုဖြစ်စေခဲ့ပါတယ်။
နောက်ဆုံးမှာတော့ မီးမီးတို့မိသားစုမှာ လူထုအခြေပြုအဖွဲ့၏အကူအညီဖြင့်
မတရားပြုကျင့်သူကို တရားစွဲနိုင်ခဲ့ပါတယ်။
သူမအမှုမှာ အနိုင်ရရှိခဲ့ပြီး လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားလုပ်သူဆရာကို
ထောင်ဒဏ် အနှစ် ၂၀ ချမှတ်နိုင်ခဲ့ပါတယ်။

## လေ့လာဆွေးနွေးရန် အရေးကြီးသောအချက်များ

- ဇာတ်လမ်းကိုအခြေခံ၍ တက်ရောက်သူများကို အန္တရာယ်ရှိသော ရိုးရာအလေ့အထများ နှင့် ကလေးအခွင့်အရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသိပညာပေးသင့်သည်။
- ဤအချက်များသည် အနာဂတ်ကလေးများ၏ ဘ၀အပေါ် မည်ကဲ့သို့အကျိုးသက်ရောက်မည်ကို ဆွေးနွေးရန်။
- တက်ရောက်သူများ၏ လက်ရှိအရင်းအမြစ်များပေါ် မူတည်၍ ရပ်ရွာအခြေပြုကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးစနစ်များကို တည်ဆောက်နိုင်စေရန် ဆွေးနွေးပေးခြင်း။

## မေးခွန်းများ

- အန္တရာယ်ရှိသော ရိုးရာအလေ့အထများ အကြမ်းဖက်မှုဆိုသည်မှာအဘယ်နည်း။
- အန္တရာယ်ရှိသော ရိုးရာအလေ့အထများ အကြမ်းဖက်မှုတွေရဲ့ မူလဇစ်မြစ်နဲ့ အကျိုးဆက်တွေက ဘာတွေလဲ။
- မီးမီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုရဲ့ နောက်ကွယ်က တွန်းအားတွေက ဘာတွေလဲ။

- အကယ်၍ သင်သည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်သား သို့မဟုတ် စေတနာ၀န်ထမ်း လူမှုရေး၀န်ထမ်း သို့မဟုတ် မိသားစု၀င် သို့မဟုတ် ဆရာတစ်ဦး သို့မဟုတ် ကျေးရွာခေါင်းဆောင် ဖြစ်ပါက၊ မီးမီးလို တခြားမိန်းကလေးမျိုးမဖြစ်အောင် ဘယ်လိုကာကွယ်နိုင်မလဲ။

- ဒီအမှုကို ဆက်လက်တရားစွဲဆိုဖို့ မီးမီးက ဘယ်လို ပံ့ပိုးကူညီမှုမျိုး လိုအပ်လဲ။ မီးမီးကို တရားရေးလုပ်ငန်းစဉ်မှာ ဘယ်သူက ကူညီပေးနိုင်မလဲ။ မီးမီးကို ကူညီဖို့ လူမှုအဖွဲ့အစည်းတွေနဲ့ တာ၀န်ရှိပုဂ္ဂိုလ်တွေနဲ့ ဘယ်လိုလုပ်ဆောင်မလဲ။

- တစ်စုံတစ်ဦး၏ အစွန်းရောက်ယုံကြည်မှုများတွင် မည်သို့သော အကျိုးဆက်များ ရှိနိုင်သနည်း။



# ဇာတ်လမ်း ( ၄ )


## လူမှုစီးပွားရေး အကြမ်းဖက်မှု ဇာတ်လမ်း


လှလှသည် အိမ်ထောင်မှုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သော အိမ်ရှင်မတစ်ဦးဖြစ်ပါတယ်။
သူမသည် ထူးချွန်သော အပ်ချုပ်သမားဖြစ်ပြီး အရည်အချင်းရှိသော ဒီဇိုင်နာတစ်ဦးဖြစ်ပါတယ်။
သားသမီး နှစ်ယောက်ကို အလယ်တန်းကျောင်းထားဖို့အတွက် လုံလောက်တဲ့ငွေရှာနိုင်သူဖြစ်ပါတယ်။






ခင်ပွန်းဖြစ်သူမှာ ပံ့ပိုးကူညီမှု နည်းပါးပြီး လောင်းကစားဝါသနာပါသူ ဖြစ်သောကြောင့် ၎င်းတို့မိသားစုတွင် ကိုယ်ပိုင်အိုး အိမ်မရှိခဲ့ပါဘူး။
လှလှသည် အိမ်ထောင်စုတစ်ခုလုံး၏ စားဝတ်နေရေးအတွက် အဓိက တာဝန်ယူနေသူဖြစ်သော်လည်း သာရေးနာရေးများသွားသည့်အခါတိုင်း ခင်ပွန်းသည်မှာ သူ့ကိုယ်သူ အဓိကတာဝန်ယူသူအဖြစ် ကြွားဝါလေ့ရှိပြီး ဇနီးသည် လှလှအား အသုံးမကျသော ဇနီးအဖြစ် အများရှေ့တွင် ပြောဆိုလေ့ရှိပါတယ်။


ခင်ပွန်းသည်မှ သူမကို မြို့တွင် ကျင်းပတဲ့ လူမှုရေးပွဲတွေမှာ မပါဝင်ဖို့ တားမြစ်ထားပါတယ်။
ခင်ပွန်းသည်မှ လောင်းကစားလုပ်ဖို့အတွက် ငွေ မကြာခဏ သူမထံ တောင်းပါတယ်။
ကြာလာတော့ လှလှသည် ခင်ပွန်းသည် အပေါ် ဆက်လက် သည်းခံနိုင်စွမ်း မရှိတော့ပေ။






တစ်နေ့ထက်တစ်နေ့ လှလှတို့ အိမ်ထောင်ရေး အခြေအနေ တွေမှာ ပိုဆိုးလာပါတယ်။
နောက်ပိုင်းမှာ လှလှ၏ ခင်ပွန်းဖြစ်သူမှာ လောင်းကစားလုပ်ဖို့ ပိုက်ဆံတောင်းသည့်အခါတိုင်း မရတဲ့အခါ လှလှကို ကိုယ်ထိလက်ရောက် ရိုက်နှက် စော်ကားလာပါတယ်။


နောက်ဆုံးသည်းမခံနိုင်အဆုံးတွင် လှလှသည်
ကလေးနှစ်ယောက်ရှိပေမဲ့ ခင်ပွန်းသည်နှင့် ကွာရှင်းဖို့
ဆုံးဖြတ်ခဲ့ပါတယ်။
သူမ၏ ခင်ပွန်းက ကွာရှင်းဖို့ ငြင်းဆန်ခဲ့ပါတယ်။






ဒါ့အပြင်  လင်မယားကွာရှင်းခဲ့လျှင် ပိုင်ဆိုင်မှုအားလုံးကို ယူမည်ဟု ဇနီးဖြစ်သူအား ခြိမ်းခြောက်ပါတယ်။
ဒီအခက်အခဲတွေကို လှလှသည် အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်း
တစ်ခုနှင့် တိုင်ပင်ဆွေးနွေးခဲ့ပါတယ်။
နောက်ဆုံးတွင် ထိုအဖွဲ့အစည်း၏အကူအညီဖြင့် တရားရုံးမှာ
ကွာရှင်းရန် အသနားခံစာတင်နိုင်ခဲ့ပါတယ်။
မြို့နယ်တရားရုံး

## လေ့လာဆွေးနွေးရန် အရေးကြီးသောအချက်များ

- ဇာတ်လမ်းကိုအခြေခံ၍ တက်ရောက်သူများကို လူမှုစီးပွားရေးအကြမ်းဖက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသိပညာပေးသင့်သည်။
- ဤအချက်များသည် အနာဂတ်မိသားစု၏ ဘဝအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မည်ကို ဆွေးနွေးရန်။
- တက်ရောက်သူများ၏ လက်ရှိအရင်းအမြစ်များပေါ် မူတည်၍ ရပ်ရွာအခြေပြု ကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးစနစ်များကို တည်ဆောက်နိုင်စေရန် ဆွေးနွေးပေးခြင်း။

## မေးခွန်းများ

- လူမှုစီးပွားရေးအကြမ်းဖက်မှုဟူသည် အဘယ်နည်း။
- လူမှုစီးပွားရေးအကြမ်းဖက်မှုတွေရဲ့ မူလဇစ်မြစ်နဲ့ အကျိုးဆက်တွေက ဘာတွေလဲ။
- အမျိုးသမီး/အမျိုးသားများ တစ်ဦးသည် သူ၏မိသားစုအတွက် တစ်ဦးတည်းသော ဝင်ငွေနှင့် တစ်ဦးတည်းသော ပံ့ပိုးပေးသူဖြစ်သော်လည်း ဇနီး/ခင်ပွန်း၏ ခွင့်ပြုချက်မရှိဘဲ လူမှုရေးလုပ်ငန်းများကို တက်ရောက်ခွင့်မပြုရခြင်းမှာ အဘယ်ကြောင့်နည်း။

- အမျိုးသမီး/အမျိုးသားများ တစ်ဦးသည် မိမိ၏ခင်ပွန်း/ဇနီးဆိုးကို ကွာရှင်းလိုသော်လည်း ခင်ပွန်း/ဇနီးသည်က ငြင်းဆိုပါက၊ သင်သည် လူမှုဝန်ထမ်း သို့မဟုတ် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ အဖွဲ့ဝင်ဖြစ်လျှင် သူ့ကို သင်မည်သို့ ကူညီမည်နည်း။

- လင်မယားနှစ်ယောက် ကွာရှင်းပြတ်စဲတဲ့အခါ၊ ခင်ပွန်း/ဇနီးသည်က အရာအားလုံးကို သိမ်းဆည်းထားဖို့ဆိုရင် တစ်ဦးရဲ့ ပိုင်ဆိုင်မှုကို ပြန်လည်ရယူရာမှာ ဘယ်သူက /ဘယ်လိုအဖွဲ့အစည်းက ကူညီပေးနိုင်မလဲ။

- ကြမ်းတမ်းသော ခင်ပွန်း/ဇနီးကို ကွာရှင်းရန် အမျိုးသမီး/အမျိုးသား တစ်ဦး၏ ဆုံးဖြတ်ချက်အပေါ် ကျွန်ုပ်တို့၏ယဉ်ကျေးမှုက မည်သို့တုံ့ပြန်သနည်း။



# ဇာတ်လမ်း ( ၅ )

## အတင်းအကြပ်လက်ထပ်ခြင်း ဇာတ်လမ်း


တင်တင်နှင့် သူသူတို့သည် ကျောင်းတစ်ကျောင်းမှာ အတူတူ ပညာသင်ကြားနေသော သူငယ်ချင်းများ ဖြစ်ကြပါတယ်။
တင်တင်၏ ဖခင်ဖြစ်သူဟာ နာတာရှည်ရောဂါခံစားနေရခြင်းနှင့် မိသားစုမှာလည်း ဆင်းရဲနွမ်းပါးခြင်းများ ရင်ဆိုင်နေကြရပါတယ်။
တင်တင် အမေမှာ အစားအသောက်များကို အိမ်တိုင်ရာရောက် လိုက်ပို့ ရောင်းချသော အလုပ်ကို လုပ်ကိုင်ပါတယ်။



တစ်နေ့တွင် တင်တင်၏ မိဘကို အစားအသောက်ပုံမှန် မှာယူနေတဲ့ ဖောက်သည်တစ်ဦးမှ တင်တင်နှင့် လက်ထပ်ရန် တောင်းဆိုခဲ့ပါတယ်။ တင်တင်၏ မောင်လေး နှစ်ယောက် ကိုလည်း ပညာဆက်လက်သင်ယူနိုင်စေရန် ကူညီပေးမည်ဟုလည်း ကတိပြုခဲ့သည်။
ထိုအချိန်က သူမ၏ အသက်မှာ ၁၇ နှစ်သာရှိသေးပြီး အတန်းထဲတွင် စာအလွန်တော်ပြီး အရည်အချင်းရှိသော ကျောင်းသားတစ်ဦးဖြစ်ပြီး အတော်ဆုံး ကျောင်းသား ဆယ်ဦး စာရင်းတွင်လည်း ပါဝင်နေပါတယ်။
တင်တင်၏ အနာဂတ်အတွက် ရည်မှန်းချက်မှာ မိသားစုကို ပြုစုစောင့်ရှောက်ရန်နှင့် ချို့တဲ့သူများကို ကူညီနိုင်ရန် ဆရာဝန်တစ်ဦးဖြစ်ရန်ဖြစ်ပါတယ်။
နောက်ဆုံးမှာတော့ တင်တင်မှာမိဘပေးစားသောသူနဲ့ အိမ်ထောင်ပြုလိုက်ပြီး ကျောင်းထွက်လိုက်ရပါတယ်။


တင်တင်မှာ လက်မထပ်ချင်ပေမယ့်လည်း မိသားစုစားဝတ်နေရေးအခက်အခဲအတွက် အနစ်နာခံကာလက်ခံခဲ့ရပါတယ်။
လက်ထပ်ပြီး နှစ်နှစ်ခန့်အကြာတွင် တင်တင်၏ ခင်ပွန်းသည် နိုင်ငံရပ်ခြားတွင် အလုပ်သွားလုပ်ရန်ထွက်ခွာသွားပါတယ်။
ကျန်ရှိခဲ့သည့် တင်တင်နှင့် မိသားစုမှာ၏ စီးပွားရေးမှာလည်း ခက်ခဲလာပါတယ်။ နိုင်ငံခြားတွင်ရောက်လုပ်ကိုင်သော ခင်ပွန်းဖြစ်သူနှင့်လည်း အဆက်အသွယ် မရတော့ခြင်း များကို ရင်ဆိုင်ခဲ့ရပါတယ်။
အမိန့်ရ
အပေါင်ဆိုင်







နောက်ဆုံးတွင် သူမ၏ခင်ပွန်းသည် နိုင်ငံခြားတွင် လုပ်ငန်းခွင် မတော်တဆမှုတစ်ခုဖြင့် သေဆုံးသွားကြောင်း ဆိုးရွားသောသတင်းကို သူမရရှိခဲ့ပါတယ်။
တင်တင်သည် ငယ်ရွယ်နုပျိုသော်လည်း အတန်းပညာ ကိုးတန်းသာ အောင်ပြီးသူဖြစ်သောကြောင့် အလုပ်မရနိုင်ပါ။ နောက်ဆုံးတွင် သူမသည် ကျောင်းအုပ်ဆရာမကြီး၏ ပံ့ပိုးကူညီမှုဖြင့် ထိုကျောင်းအတွက် သန့်ရှင်းရေးဝန်ထမ်း ဖြစ်လာပါတယ်။
အဲဒီအချိန်ဟာ သူမ၏ ရေရှည် ဘဝရည်မှန်းချက်များမှာ ပျောက်ကွယ်လုလုအချိန် ဖြစ်နေပါတယ်။
အခြေခံပညာမူလတန်းကျောင်း


ဒါပေမယ့် အခြားတစ်ဖက်တွင်လည်း တင်တင်ဟာ သူမ မိသားစု၏ လူမှုရေး၊ စီးပွားရေးများကို ဦးဆောင် ဆုံးဖြတ်နိုင်စွမ်းရှိပါတယ်။
သူမသည် သူမ၏သူငယ်ချင်း သူသူ၏ ပံ့ပိုးမှုဖြင့် ညနေ (၂) နာရီ နောက်ပိုင်းတွင် အသက်မွေးဝမ်းကြောင်း အစီအစဉ်သင်တန်းကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းမှ ကိတ်မုန့်ဖုတ်နည်းနှင့် သရေစာပြင်ဆင်နည်းကို သင်ယူခဲ့ပါတယ်။
သူငယ်ချင်းဖြစ်သူ သူသူမှာလည်း တင်တင်၏ ခံစားခဲ့ရသော စိတ်ပိုင်းဆိုင်ရာဝေဒနာများ ပြေပျောက်သွားစေရန် အားပေးကူညီပေးခြင်း၊ မုန့်ဆိုင်တစ်ခုတွင် အလုပ်လုပ်ကိုင်ရန် မိတ်ဆက်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။






ဒါအပြင် တင်တင် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ပြန်လည် ဖြေဆိုနိုင်အောင် သူသူက ကူညီပေးခဲ့ပါတယ်။
ယခုအချိန်မှာတော့ သူသူ ဆေးတက္ကသိုလ်တက်နေစဉ်မှာပဲ တင်တင်လည်း သူနာပြုသင်တန်းကျောင်း တက်ရောက်ရန် စာရင်းသွင်းနိုင်ခဲ့ပါတယ်။
တင်တင်၏ ဆရာဝန်ဖြစ်ချင်သော အိပ်မက်များသည် အမှန်တကယ် မဖြစ်လာသော်လည်း နောက်ဆုံးတွင် သူနာပြုသင်တန်းကျောင်းတွင် စာရင်းသွင်း နိုင်ခဲ့ပါသည်။

## လေ့လာဆွေးနွေးရန် အရေးကြီးသောအချက်များ

- ဇာတ်လမ်းကိုအခြေခံ၍ တက်ရောက်သူများကို အတင်းအဓမ္မလက်ထပ်ခြင်း ဟူသည် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသိပညာပေးသင့်သည်။
- ဤအချက်များသည် အနာဂတ်မိသားစု၏ ဘဝအပေါ် မည်ကဲ့သို့ အကျိုး သက်ရောက်မည်ကို ဆွေးနွေးရန်။
- တက်ရောက်သူများ၏ လက်ရှိအရင်းအမြစ်များပေါ် မူတည်၍ ရပ်ရွာအခြေပြု ကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးစနစ်များကို တည်ဆောက်နိုင်စေရန် ဆွေးနွေး ပေးခြင်း။

## မေးခွန်းများ

- အတင်းအဓမ္မလက်ထပ်ခြင်းဟူသည် အဘယ်နည်း။
- အတင်းအဓမ္မလက်ထပ်ခြင်းအကြမ်းဖက်မှုတွေရဲ့ မူလဇစ်မြစ်နဲ့ အကျိုးဆက်တွေက ဘာတွေလဲ။
- တင်တင်နဲ့ သူသူ ရဲ့ အခြေအနေ ဘယ်လိုကွာခြားလဲ။
- လူငယ်များကို လက်ထပ်ရန် ဖိအားပေးခြင်းအတွက် မည်သူကို အပြစ်တင်ရမည်နည်း။
- တင်တင်၏ သင့်လျော်သော ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည့် အချက်များကား အဘယ်နည်း။
- လူငယ်များအား ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည့် အခြေအနေများမှ ကာကွယ်ရန် မည်သို့သော တားဆီးကာကွယ်မှု ဗျူဟာကို ချမှတ်သင့်သနည်း။



## လေ့လာရန်နောက်ဆက်တွဲ
## အဓိပ္ပါယ်ဖွင့်ဆိုချက်များ နှင့်အဓိကအချက်အကျဉ်းချုပ်များ

### လူကုန်ကူးခြင်း

ကုလသမဂ္ဂ၏အဓိပ္ပာယ်ဖွင့်ဆိုချက်–
အောက်ပါနည်းများကိုအသုံးပြုပြီး လူများကိုစုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း(သို့)လက်ခံခြင်းတို့ဖြစ်သည်။

ဖော်ပြပါနည်းများမှာ အင်အားသုံးခြင်း (သို့) ခြိမ်းခြောက်ခြင်း (သို့) အခြားသော အဓမ္မပြုခြင်း၊ ပြန်ပေးဆွဲခြင်း၊ ပြစ်မှုဆန်သောလိမ်လည်လှည့်ဖြားခြင်း၊ အာဏာကိုအလွဲ သုံးစားပြုခြင်း (သို့) ရပ်တည်ရန်ခက်ခဲနေသော အခြေအနေပေါ်တွင် အလွဲသုံးစားပြုခြင်း (သို့) တစ်ဦးတစ်ယောက်အပေါ်ချုပ်ကိုင်နိုင်သူအား အကျိုးအမြတ်ပေးခြင်း (သို့) လက်ခံ ခြင်းဖြင့် အချုပ်ကိုင်ခံရသောသူအား ခေါင်းပုံဖြတ်ရန် ရည်ရွယ်သော လုပ်ရပ်အားလုံးကို ဆိုလိုပါသည်။ ခေါင်းပုံဖြတ်သည်ဟု ဆိုရာတွင်အနည်းဆုံး တစ်ဦးတစ်ယောက်အား ပြည့်တန်ဆာလုပ်ခိုင်းခြင်း(သို့)အခြားပုံစံဖြင့် လိင်ဆိုင်ရာခေါင်းပုံဖြတ်ခြင်း(သို့)ကျေးကျွန် သဖွယ်ပြုခြင်း (သို့) ကျွန်ကဲ့သို့လုပ်ရသောအခြေအနေ (သို့) ခန္ဓာကိုယ်တွင်းမှအင်္ဂါများ ဖယ်ပစ်ခံရခြင်း အားလုံးကိုဆိုလိုသည်။

လူကုန်ကူးခြင်းသည် လုပ်ငန်းစဉ်ဖြစ်သည်။ အဓိကအဆင့် (၃) ဆင့်ရှိသည်။

၁။ လုပ်ဆောင်ချက်
၂။ နည်းလမ်းများ
၃။ ခေါင်းပုံဖြတ်ရန်ရည်ရွယ်သည်

**နေရာ(လုပ်ဆောင်ချက်)**

စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း(လက်ပြောင်းလက်လွှဲရှိခြင်း) နှင့် လက်ခံခြင်း (ခရီးလမ်းဆုံး(သို့) မိမိအလုပ်လုပ်ရမည့်နေရာ)

**နည်းလမ်း ( ခရီးစ ခရီးလမ်းတလျှောက် ခရီးဆုံး )**
အင်အားသုံးခြိမ်းခြောက်၊ အဓမ္မပြုခြင်း၊ ပြန်ပေးဆွဲ၊ လိမ်လည်လှည့်ဖြား၊ ရပ်တည်ရန်ခက်ခဲသော အခြေအနေပေါ်တွင် အလွဲသုံးစားပြုခြင်း၊ အင်အားသုံး အနိုင်ကျင့်ခြင်း အကြမ်းဖက်ခြင်း

**ရည်ရွယ်ချက်**
ခေါင်းပုံဖြတ်ရန်၊ ပြည့်တန်ဆာလုပ်ခိုင်း၊ ရောင်းစားရန်၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်၊ သားမယားပြုကျင့်၊ ကျွန်ကဲ့သို့ခိုင်းစေ၊ ကျေးကျွန်သဖွယ်ပြုမူ၊ ခန္ဓာကိုယ်အားဖျက်ဆီးခြင်းနှင့် သွေးသားများ ရောင်းဝယ်ခြင်းဖြင့် အမြတ်ထုတ်၊ ခက်ခဲသော အခြေအနေအပေါ်အလွဲသုံးစားပြုခြင်း

လူတစ်ဦးတစ်ယောက်အား **အထက်ပါရည်ရွယ်ချက်များနှင့် အထက်ပါနည်းလမ်းများ** ကိုအသုံးပြု၍ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိပါက လူကုန်ကူးခြင်းဖြစ်သည်။

## ကလေးသူငယ်အခွင့်အရေးများကို လေ့လာကြည့်ခြင်း

- ၁၉၈၉ တွင် ကလေးများအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်ကို ကုလသမဂ္ဂ က အတည်ပြုခဲ့ပါသည်။
- ၁၉၉၁ တွင် မြန်မာနိုင်ငံသည် ကလေးများအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကိုအတည်ပြု လက်မှတ်ရေးထိုးခဲ့ပါသည်။
- ၁၉၉၃ တွင် မြန်မာနိုင်ငံတွင် ကလေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

## ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်တွင်ပါရှိသော ကလေးသူငယ်အခွင့်အရေးများ အုပ်စုကြီး ၄ အုပ်စု


- အသက်ရှင်သန်မှုဆိုင်ရာ အခွင့်အရေး
- ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေး
- ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေး
- ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေး



## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အခြေခံမှု (၄)ချက်

- ခွဲခြားဆက်ဆံမှု မပြုရေး
- ကလေး၏ အကောင်းဆုံးအကျိုးဖြစ်ထွန်းစေမှု
- ကလေးများ၏ အသက်ရှင်သန်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများ
- ပါဝင်ဆောင်ရွက်ခွင့်

**ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှု သစ်ပင်**




## ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှု

ကျား-မ အခြေပြု အကြမ်းဖက်မှုသည် လူတစ်ဦး၏ဆန္ဒကို ဆန့်ကျင်ကျူးလွန်သည့် အန္တရာယ်ရှိသော လုပ်ရပ်များအတွက်တည်းဟူသော ဝေါဟာရဖြစ်ပြီး ၎င်းသည် အမျိုးသားနှင့် အမျိုးသမီးကြား လူမှုရေးအရ သတ်မှတ် ထားသော (ကျား၊ မ) ကွဲပြားမှုများကို အခြေခံထားသည်။

၎င်းတွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့် သို့မဟုတ် ဒုက္ခရောက်စေသည့် လုပ်ရပ်များ၊ ယင်းကဲ့သို့သော အပြုအမူများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် အခြားသော လွတ်လပ်မှု ဆုံးရှုံးခြင်းများ ပါဝင်သည်။

အမျိုးသားဖြစ်ခြင်း အမျိုးသမီးဖြစ်ခြင်းအတွက်ကြောင့် မည်ကဲ့သို့တွေးခေါ်ရမည် သို့မဟုတ် မည်ကဲ့သို့ ပြုမူရမည်ဟု လူမှုအသိုင်းအဝိုင်းက သတ်မှတ်ထားသည့် အရာများနှင့် ဆက်စပ် နေပါသည်။

ဇီဝဗေဒသဘောအရ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်မှု ကွဲပြားခြားနားမှုပေါ် မမူတည်ပါ။ ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု အပြုအမူများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများ၊ နိုင်ငံတကာစံနှုန်းများ နှင့် ကွန်ဗန်းရှင်းများ ပြည်တွင်း ဥပဒေများနှင့် မူဝါဒများ အား ချိုးဖောက်နေပါသည်။

ကမ္ဘာ့နိုင်ငံအများစုမှာအကြမ်းဖက်မှုပုံစံတော်တော်များများကိုအကြမ်းဖက်မှုဖြစ်တယ်လို့ လက်ခံထားမှု မရှိသေးပါဘူး။ အဲဒါကြောင့် တရားဥပဒေအရ ကာကွယ်စောင့်ရှောက်မှု ပေးထားခြင်း မရှိသလို၊ ကျူးလွန်ခဲ့ရင်လည်း ရာဇဝတ်မှုမြောက်မနေပါဘူး။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုသည် တန်းတူညီမျှရေး ဖွံ့ဖြိုးရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာ ရည်မှန်းချက်များကို ရရှိနိုင်ရန်အတွက် အဟန့်အတား တစ်ခုဖြစ်နေပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အမျိုးသမီးများအနေဖြင့် သူတို့၏ အခွင့်အရေးများခံစားခွင့်နှင့် အခြေခံကျသော လွတ်လပ်ခွင့်များ ခံစားခွင့်တို့ကို ချိုးဖောက်ခံနေရခြင်းလည်း ဖြစ်ပါသည်။

## အကြမ်းဖက်မှု၏ အခြေခံအကြောင်းတရားများ- အမြစ်

လူအများထင်မြင်လျက်ရှိသော အမျိုးသမီးများအပေါ်အကြမ်းဖက်မှု၏ အကြောင်းအရင်းသည် လူအများထင်သကဲ့သို့ ဆင်းရဲနွမ်းပါးမှု၊ အရက်သေစာမူးယစ်ခြင်းတို့မျှသာမဟုတ်ဘဲ ကျား-မရေးရာ အခြေခံသောဆက်ဆံရေးအရ လုပ်ပိုင်ခွင့်အာဏာတန်းတူညီမျှ မရှိခြင်း တို့သည် အခြေခံမူလအကြောင်းအရင်းဖြစ် ပါသည်။



## အကြမ်းဖက်မှုဖြစ်ပွားစေရန် ပံ့ပိုးပေးသော အချက်များ -ပင်စည်

- လူ့အခွင့်အရေးချိုးဖောက်ခံရသော အခြေအနေ၊
- တရားဥပဒေစိုးမိုးမှုမရှိခြင်း သို့မဟုတ် ဥပဒေမဲ့အခြေအနေများ နှင့် ပြစ်မှုမှ လွတ်မြောက်နေခြင်း စသည့်အခြေအနေများ
- အမျိုးသမီး/ကလေးသူငယ် / သက်ကြီးရွယ်အို ဦးဆောင်သည့် အိမ်ထောင်စုများ၊ ခွဲခြားခံနေရသော အခြေအနေ၊
- ခိုနားရာနေရာများမှာ လုံခြုံမှုမရှိခြင်း၊

## အကြမ်းဖက်မှုအမျိုးအစားများ -အကိုင်းများ

- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု
- ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု
- စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု
- ရိုးရာယဉ်ကျေးမှုကို အခြေခံသော အကြမ်းဖက်မှု
- လူမှုစီးပွား အခြေခံသောအကြမ်းဖက်မှု

## လိင်အကြမ်းဖက်မှုဆိုတာဘာလဲ။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုသည်မှာ တစ်စုံတစ်ဦးသည် ၎င်းတို့၏သဘောဆန္ဒမပါဘဲ အခြားသူတစ်ဦးအား မလိုလားအပ်သော လိင်ပိုင်းဆိုင်ရာလုပ်ဆောင်မှုသို့ အတင်းအကြပ် သို့မဟုတ် ခြယ်လှယ်သည်ဟု ဆိုလိုသည်။

## ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုတာ ဘာလဲ။

ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ နာကျင်ခြင်း နှင့်/သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေရန် ကြိုးပမ်းသည့် လုပ်ရပ်တစ်ခုဖြစ်သည်။

## စိတ်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း၏ အဓိပ္ပါယ်မှာ အဘယ်နည်း။

စိတ်ပိုင်းဆိုင်ရာအလွဲသုံးစားမှုတွင် အခြားသူတစ်ဦးအား နှိမ့်ချစော်ကားခြင်း၊ နှိမ့်ချခြင်း၊ နှုတ်ဖြင့်ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် ခြိမ်းခြောက်ခံရခြင်း၊ ယုတ်ညံ့ခြင်း၊ ရှက်ရွံ့ခြင်း သို့မဟုတ် ယုတ်ညံ့သိမ်မွေ့စေသည့် အခြားနည်းဗျူဟာများ ပါဝင်နိုင်သည်။

## အန္တရာယ်ရှိသော ရိုးရာအလေ့အကျင့်များအကြမ်းဖက်မှုဟူသည်အဘယ်နည်း။

အန္တရာယ်ရှိသော ရိုးရာအလေ့အထများသည် အချို့သော လူ့အဖွဲ့အစည်း နှင့် လူ့အဖွဲ့အစည်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးများကိုအဓိကအားဖြင့်ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုပုံစံများဖြစ်ပြီး ၎င်းတို့ကို လက်ခံထားသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၏ တစ်စိတ်တစ်ပိုင်း အဖြစ် သတ်မှတ်ခံရသော သို့မဟုတ် ကျူးလွန်သူမှ တင်ပြခြင်းဖြစ်ပါသည်။

ဤနေရာတွင် ယဉ်ကျေးမှုဆိုင်ရာအကြမ်းဖက်မှုကို ၎င်း၏တိုက်ရိုက် သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံ ပုံစံဖြင့် အကြမ်းဖက်မှုကို တရားဝင်ဖြစ်စေရန်အတွက် အသုံးပြုနိုင်သည့် ယဉ်ကျေးမှု၏ ရှုထောင့်တစ်ခုအဖြစ် ဤနေရာတွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ယဉ်ကျေးမှုတွင် တည်ဆောက်ထားသော သင်္ကေတဆိုင်ရာ အကြမ်းဖက်မှုသည် တိုက်ရိုက်အကြမ်းဖက်မှု သို့မဟုတ် ဖွဲ့စည်းပုံတွင်တည်ဆောက်ထားသော အကြမ်းဖက်မှုကဲ့သို့ သတ်ဖြတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမျိုး မဟုတ်ပါ။

## လူမှုစီးပွားအကြမ်းဖက်မှု

ပုံမှန်လူမှုစီးပွားအကြမ်းဖက်မှုပုံစံများတွင် ခံစားခဲ့ရသူ၏ ဝင်ငွေကို လုယူခြင်း ၊ သီးခြားဝင်ငွေရရှိရန် ခွင့်မပြုခြင်း (အိမ်ရှင်မ အဆင့်အတန်းပေးခြင်း သို့မဟုတ် လစာမရှိဘဲ မိသားစုစီးပွားရေးတွင် လုပ်ကိုင်စေခြင်း) သို့မဟုတ် ခံစားခဲ့ရသူအား အလုပ်အတွက် မသင့်လျော်အောင် ပြုလုပ်ခြင်း တို့ ပါဝင်သည်။

## အိမ်တွင်းအကြမ်းဖက်မှုဆိုတာ ဘာကိုဆိုလိုလဲ ရှင်းပြပါ။

အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ အကြမ်းဖက်ခံရသူ၏ အိမ်တွင်းမှုအသိုင်းအဝိုင်းမှ တစ်စုံတစ်ဦးမှ ကျူးလွန်သော အကြမ်းဖက်မှုဖြစ်သည်။ ၎င်းတွင် လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ မိသားစုဝင်များ၊ အခြားဆွေမျိုးများနှင့် မိသားစုဝင်များ ပါဝင်သည်။ "အိမ်တွင်းအကြမ်းဖက်မှု"ဟူသော ဝေါဟာရသည် ပြစ်မှုကျူးလွန်သူနှင့် သားကောင်ကြားတွင် နီးကပ်သောဆက်ဆံရေးရှိသည့်အခါ သုံးသည်။



အိမ်တွင်းအကြမ်းဖက်မှုသည် အမျိုးသား နှင့် အမျိုးသမီးကြား လူမှုမညီမျှမှုတွင် နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသည့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုဖြစ်သည်။ ၎င်းသည် ကျား၊မ ရေးရာအခြေခံ အကြမ်းဖက်မှုပုံစံတစ်ခုဖြစ်ပြီး "သူမသည် အမျိုးသမီးတစ်ဦးဖြစ်သောကြောင့် သို့မဟုတ် အချိုးအစား မမျှသော အကျိုးသက်ရောက်မှုရှိသော အမျိုးသမီးတစ်ဦးကိုဦးတည်ထားသည်"။ ( CEDAW 1992 )

## အကြမ်းဖက်မှု၏ နောက်ဆက်တွဲဆိုးကျိုးများ- အရွက်များ

ကျား၊ မ အခြေပြု အကြမ်းဖက်မှုသည် ထိခိုက်နစ်နာမှုများကို ဖြစ်စေသည်။ လိင်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရများအပါအဝင် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာ အနာတရများ ဖြစ်လေ့ရှိသည်။ အခြားသော အန္တရာယ်ရှိသည့် အကျိုးဆက်များမှာ

- စိတ်ပိုင်းဆိုင်ရာ နှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု
- အကျိုးစီးပွားဆိုင်ရာ ကျပ်တည်း ပျက်စီးမှု
- လူ့အဖွဲ့အစည်းမှ ဖယ်ကျဉ်ခြင်းနှင့် ရှောင်ဖယ်ခြင်း

ကျား၊ မ အခြေပြု အကြမ်းဖက်မှု ပုံစံအားလုံးသည် လူတိုင်း၊ မိသားစုတိုင်းနှင့် လူမှုအဖွဲ့အစည်းကိုပါ ထိခိုက်နစ်နာစေပါသည်။

ကျား၊ မ အခြေပြု အကြမ်းဖက်မှုသည် အခြေခံကျသော လူ့အခွင့်အရေးများအား ချိုးဖောက်နေပါသည်။

မည်သည့်အကြမ်းဖက်မှုမဆို လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဘယ်ကြောင့် ဆက်လက်ဖြစ်ပွားနေရသနည်း။

လူမှုရေးဆိုင်ရာ စံနှုန်းများနှင့် ကျား၊ မ ရေးရာ တရားသေသတ်မှတ်မှုများသည် အကြမ်းဖက်ခြင်းကို အားပေးနေသည်။ ထို့အပြင် အကြမ်းဖက်ခြင်းအား ပပျောက်စေရန်အတွက် ဆောင်ရွက်ရာတွင် အခက်အခဲ ဖြစ်စေပါသည်။

တရားစီရင်ရေးစနစ်ကလည်း အမျိုးသမီးများ ဖွင့်ဟပြောဆိုလာစေရန်အတွက် အဟန့်အတား ဖြစ်နေစေပါသည်။

အကြမ်းဖက်ခံရသူအား ပြစ်တင်ဝေဖန်ခြင်းသည်လည်း အဓိက အကြောင်းအရာတစ်ခုဖြစ်ပါသည်။

**ဤစာအုပ်ကို အခွင့်အရေးအခြေခံ စည်းရုံးချဉ်းကပ်မှုနှင့်
မြန်မာနိုင်ငံရှိ မြေယာလုပ်ပိုင်ခွင့်၊ နိုင်ငံသားတရားဝင်
အထောက်အထားရပိုင်ခွင့်နှင့် အမျိုးသမီးအခွင့်အရေးများ
မြှင့်တင်ရေးအတွက် ဆောင်ရွက်နေသော
စီမံကိန်းမှ ထုတ်ဝေပါသည်။**

လူသရမ်ဝေါလ် ဖက်ဒရေးရှင်း (မြန်မာ)မှ
အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

THE LUTHERAN WORLD FEDERATION
actalliance

အလှူရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှု ပံ့ပိုးမှုဖြင့်
ဆောင်ရွက်လျက်ရှိသည်။

Australian Lutheran World Service

act Church of Sweden

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Federal Department of Foreign Affairs FDFA

FCA Finn Church Aid

THE LUTHERAN WORLD FEDERATION
actalliance

လူသရမ်ဝေါလ် ဖက်ဒရေးရှင်း (မြန်မာ)
အမှတ်(၁၁)ကန်လမ်း၊
ဆင်ဖြူတော်ဟိုတယ်၊ ၆ ထပ်နှင့် ၇ ထပ်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၉ ၇၉၃ ၁၁၉ ၉၇၁၊  ၀၉ ၇၉၃ ၁၁၉ ၉၇၂
Website: myanmar.lutheranworld.org

ဇွန်လ ၂၀၂၂